## ၂၀၁၉မတ်လ၈ရက်နိုင်ငံတကာအမျိုးသမီးများနေ့
## အမျိုးသမီးများကွန်ရက်အဖွဲ့မှထုတ်ပြန်တောင်းဆိုချက်

နှစ်စဉ်မတ်လ၈ရက်ကမ္ဘာ့အမျိုးသမီးများနေ့သို့ရောက်တိုင်းနယ်ပယ်အသီးသီးမှအမျိုးသမီးများလာရောက်စုဝေးကြ၍အမျိုးသမီးအခွင့်အရေးနဲ့ကိုယ့်အနာဂတ်ကိုကိုယ်ပိုင်ဖန်တီးခွင့်ရရေးအတွက်အင်အားပြကြသလိုတဘက်မှလည်းအမျိုးသမီးအလုပ်သမားများအနေဖြင့်တစ်နေ့လျှင်၈နာရီအလုပ်လုပ်ခွင့်၊၈နာရီအသိပညာရှာဖွေခွင့်၊၈နာရီအနားယူရခွင့်အစရှိသည့်ကမ္ဘာ့စံချိန်မီ၈သုံးလုံးလုပ်ငန်းခွင်စနစ်ဖြစ်ပေါ်လာအောင်ကြိုးပမ်းတိုက်ပွဲဝင်ခဲ့သူအမျိုးသမီးများကိုအောက်မေ့ဂုဏ်ပြုကြပါတယ်။

မျက်မှောက်ခေတ်အမျိုးသမီးများသည်လုပ်ငန်းခွင်တိုင်း၌အရေးပါတဲ့အင်အားစုများဖြစ်နေသော်လည်းတစ်ချို့သောလုပ်ငန်းများ၌တနေ့ကိုအလုပ်လုပ်ချိန်၁၅နာရီထက်ကျော်လွန်၍လုပ်ဆောင်ကြရကာ၊လုပ်အားခမှာလည်းအမျိုးသားများနှင့်တန်းတူရခြင်းမရှိပဲ၊တရားမျှတမှုမရှိခြင်းကိုခံနေရဆဲဖြစ်ပါတယ်။

ထို့အပြင်အမျိုးသမီးများရဲ့နေ့တဓူဝလုပ်ကိုင်နေရသောအိမ်မှုကိစ္စ၊ကလေးထိန်း၊အိမ်သားတွေကိုဂရုစိုက်ခြင်းစသည့်အလုပ်များသည်လည်းအလုပ်ချိန်၈နာရီထက်ရှည်ကြာ၍နားချိန်မရှိ၊အသိပညာရှာဖွေချိန်များမရှိပါ။သို့သော်ဧင်းအလုပ်များသည်မိခင်၊သမီးမိန်းကလေးနဲ့ဇနီးမယားတို့ရဲ့မွေးရာပါတာဝန်ဝတ္တရားသာဖြစ်ပြီးမိသားစုစီးပွားရေးအတွက်အရေးမပါသောအလုပ်အဖြစ်ရှုမြင်ခြင်းခံနေရပါတယ်။

ထို့ကြောင့်ကမ္ဘာ့စံနှုန်းအဖြစ်သတ်မှတ်ထားတဲ့၈သုံးလုံးလုပ်ငန်းခွင်စနစ်အားအမျိုးသမီးများလက်တွေ့ခံစားရခြင်းမရှိသည့်အပြင်အလုပ်ကိုလက်မလည်အောင်လုပ်နေရသောကြောင့်မိခင်၊ဇနီးမယား၊သမီးမိန်းကလေးနဲ့အမျိုးသမီးလုပ်သားများရဲ့ကိုယ်ကျန်းမာရေးနဲ့စိတ်ကျန်းမာရေးဘေးကင်းလုံခြုံမှုပေါ်ရိုက်ခတ်မှုများရှိနေပါသည်။

ထို့အပြင်လူမှုအသိုင်းအဝိုင်းနယ်ပယ်မှစ၍နိုင်ငံရေးနယ်ပယ်များအထိအလွှာအသီးသီး၌အမျိုးသမီးများအနေနဲ့သဘာဝဝန်းကျင်နဲ့သယံဇာတထိန်းသိမ်းရေးနဲ့စီမံခန့်ခွဲရေး၊ဖွံ့ဖြိုးရေးလုပ်ငန်းစသည်တွေမှာပါဝင်ဆုံးဖြတ်ပိုင်ခွင့်အားကန့်သတ်ခံရခြင်း၊လစ်လျူရှုခြင်းခံရရုံများသာမကဘဲမိမိအခွင့်အရေးနဲ့သဘာဝသယံဇာတထိန်းသိမ်းရေးအတွက်လှုပ်ရှားရင်းကဥပဒေအရအရေးယူခံရခြင်းများလည်းရှိပါတယ်။

အိတ်ချ်အိုင်ဗီပိုးကူးစက်ခံထားရတဲ့အမျိုးသမီးများအားအလုပ်ခန့်ထားရေး၌လည်းခွဲခြားခံရမှုများစဉ်ဆက်မပြတ်ရှိနေပြီးမသန်စွမ်းအမျိုးသမီးများမှာလည်းတရားမျှတမှု၊လေးစားမှု၊အခြေခံအခွင့်အရေးနဲ့ဘေးကင်းလုံခြုံရေးအတွက်အထောက်အကူပြုပေးမှုတွေလိုအပ်နေပါသေးတယ်။

ဒါကြောင့်ဒီကနေ့၂၀၁၉ခုနှစ်မတ်လ၈ရက်နေ့မှာကျရောက်တဲ့နိုင်ငံတကာအမျိုးသမီးများနေ့မှာကျမတို့အမျိုးသမီးကွန်ရက်အဖွဲ့တွေအနေနဲ့အောက်ပါအချက်များကိုတောင်းဆိုလိုက်ပါသည်။

1. အစိုးရအနေနဲ့မွေးကာစမှအသက်၁၈နှစ်ထိကလေးနဲ့လူငယ်များကိုငွေကြေးထောက်ပံ့ဂရုစိုက်ဆောင်မှုပေးရန်။
2. အစိုးရအနေနဲ့မသန်စွမ်းအမျိုးသမီးများအပေါ်ခွဲခြားဆက်ဆံမှုကိုဖြစ်စေသော၊အဆင့်မြင့်ပညာသင်ထောက်ပံ့မှုအပါအဝင်အဘက်ဘက်မှာပါဝင်နိုင်ခွင့်ရှိရေးအတွက်အဟန့်အတားဖြစ်စေသောနည်းဥပဒေများကိုရုတ်သိမ်းပေးရန်။
3. အစိုးရအနေနဲ့အိတ်ချ်အိုင်ဗွီပိုးကူးစက်ခံရသူအမျိုးသမီးများပေါ်ခွဲခြားဆက်ဆံမှုရပ်ဆိုင်းရန်။
4. အစိုးရအနေနဲ့အလုပ်သမားဥပဒေအတိုင်းလိုက်နာဆောင်ရွက်ခြင်းမရှိတဲ့အလုပ်ရှင်တွေကိုထိထိရောက်ရောက်အရေးယူပေးပြီးအမျိုးသမီးအမျိုးသားလုပ်အားခတန်းတူညီမျှရရှိရေးဥပဒေနဲ့ပြဌာန်းပေးရန်။
5. အစိုးရအနေနဲ့ပြည့်တန်ဆာနှိမ်နင်းရေးအက်ဥပဒေကိုရုတ်သိမ်းပေးရန်။
6. အစိုးရအနေနဲ့လူ့အခွင့်အရေးအတွက်တိုက်ပွဲဝင်နေတဲ့အမျိုးသမီးတိုင်းကိုအကာအကွယ်ပေးရန်။
7. အစိုးရအနေနဲ့ဘယ်အခြေအနေမျိုးမှာဘဲဖြစ်ဖြစ်အမျိုးသမီးများကိုယ်ဝန်မဆောင်လိုပါကဘေးအန္တရာယ်ကင်းစွာတားဆီးနိုင်ရေးသတ်မှတ်ပေးရန်။
8. အစိုးရအနေနဲ့ဥပဒေ၊နည်းဥပဒေပြုရေးအဆင့်ဆင့်မှာအမျိုးသမီးဦးရေ၅၀ရာခိုင်နှုန်းပါဝင်ခွင့်ရရှိရေးသတ်မှတ်ပေးရန်။